အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

## အမျိုးသမီးများ၊ ငြိမ်းချမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ၊ (၂၅) နှစ်ပြည့် အထိမ်းအမှတ်

## အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ) ၏ထုတ်ပြန်ချက်

ရက်စွဲ - ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၃၁) ရက်နေ့

၂၀၀၀ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ချမှတ်ခဲ့သည့် ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အဆင့်တိုင်းတွင် **အမျိုးသမီးများ၏ ပါဝင်မှုအရေးကြီးကြောင်း** နှင့် ပဋိပက္ခအတွင်း **အမျိုးသမီးများနှင့် မိန်းကလေးများအား ကာကွယ်ရန်လိုအပ်ကြောင်း** အထူးအလေးပေးဖော်ပြထားသော စာတမ်းဖြစ်သည်။ ပဋိပက္ခအတွင်းနှင့် ပဋိပက္ခအလွန်ကာလများတွင် အမျိုးသမီးများ၏ အခွင့်အရေး ချိုးဖောက်မှုကို တားဆီးကာကွယ်ပေးရန်၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်တိုင်း အမျိုးသမီးများ၏ပါဝင်မှုကို ထောက်ပံ့ဆောင်ရွက်ရန်နှင့် စစ်ပွဲအတွင်း အမျိုးသမီးနှင့် မိန်းခလေးငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ပဋိပက္ခတွင်ပါဝင်ပတ်သက်သူများအားလုံး တားဆီးကာကွယ်ပေးရန် တာဝန်ရှိကြောင်း ဥပဒေအရ တရားဝင်ချမှတ်ခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပထမဆုံးသော ဆုံးဖြတ်ချက်လည်း ဖြစ်သည်။

ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ၏ ၂၅ နှစ်မြောက်နှစ်ပတ်လည်နေ့တွင် မြန်မာနိုင်ငံမှ အမျိုးသမီးများသည် စစ်ပွဲ၊ အိုးအိမ်စွန့်ခွာထွက်ပြေးမှု၊ စစ်ဝါဒကြီးစိုးခြင်းများနှင့် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးမှုများ၏ ဆိုးကျိုးများကို ဆက်လက်ရင်ဆိုင်နေကြရဆဲဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ စစ်တပ်အာဏာသိမ်းမှုဖြစ်ကတည်းက လူပေါင်းသုံးသန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အမျိုးသမီးပေါင်း ၁၉၀၀ နီးပါး အသတ်ခံရကာ ၆၀၀၀ ကျော်ဖမ်းဆီးခံခဲ့ကြရသည်။ အထူးသဖြင့် အာဏာရှင်စစ်တပ်၏ လိင်ပိုင်းဆိုင်ရာ နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (Sexual and gender - based violence) သည် ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့နေဆဲဖြစ်ပြီး အသက်ရှင်ကျန်ရစ်သူများသည် တရားမျှတမှုနှင့် တာဝန်ခံမှု ရရှိရန် ငြင်းပယ်ခံရဆဲဖြစ်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ကို စတင်တည်ထောင်ခဲ့ချိန် **၁၉၉၉ ခုနှစ်** မှစ၍ အဖွဲ့ချုပ်နှင့် ၎င်း၏ အဖွဲ့ဝင်အဖွဲ့အစည်းများသည် မြန်မာစစ်တပ်မှ ကျယ်ကျယ်ပြန့်ပြန့်နှင့် အစီအစဉ်ချ၍ အမျိုးသမီးများအပေါ် ကျူးလွန်ခဲ့

သော ရာဇဝတ်မှုများကို မှတ်တမ်းတင်ခဲ့ကြသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ၂၀၂၁ ခုနှစ်၊ စစ်အာဏာသိမ်းပြီး လေးနှစ်ကျော်ကာလအတွင်းတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (CRSV) ဖြစ်ရပ်ပေါင်း **၅၅၀ ကျော်** အပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု (SGBV) **အမှုပေါင်း ၁,၀၀၀** ကျော်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ အမှန်တကယ် ဖြစ်ပွားမှုအရေအတွက်မှာ ဤထက်မက ပိုမိုများပြားနိုင်သည်ဟု ယုံကြည်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များ ရှိနေသော်ငြားလည်း အမျိုးသမီးများသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းမှ ဖယ်ကြဉ်ခံရခြင်းအပြင် အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (WPS) အစီအစဉ်၏ မဏ္ဍိုင်အားလုံးတွင် စနစ်ကျသော အတားအဆီးများကို ရင်ဆိုင်နေကြရဆဲဖြစ်သည်။

- **ပူးပေါင်းပါဝင်မှု** - အမျိုးသမီးများသည် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်များမှ ဘေးဖယ်ခံရလေ့ရှိပြီး အမှတ်သင်္ကေတသဘောအရသာ ပါဝင်ခွင့်ရှိပါသည်။
- **ကြိုတင်ကာကွယ်ခြင်း -** တရားစီရင်ရေးစနစ်များပြိုကွဲခြင်းသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါ အခြေပြု အကြမ်းဖက်မှုများ မှ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိခြင်းကို ဆက်လက်ဖြစ်ပေါ်စေလျက်ရှိပါသည်။
- **ကာကွယ်မှု -** လေကြောင်းတိုက်ခိုက်မှု၊ ဝင်ရောက်စီးနင်းမှုနှင့် နေရာရွှေ့ပြောင်းမှုများသည် အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် LGBTIQ+ များအပေါ် လူကုန်ကူးမှုနှင့် အကြမ်းဖက်မှုများဖြစ်လာစေရန် တွန်းအားများဖြစ်စေလျက်ရှိသည်။
- **ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး -** အကူအညီများ ပိတ်ဆို့ခြင်းနှင့် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ကန့်သတ်ခြင်းများဖြင့် ပြန်လည်ထူထောင်ရေးကို အနှောင့်အယှက်ဖြစ်စေလျက်ရှိသည်။

မြန်မာနိုင်ငံတဝှမ်းရှိ အမျိုးသမီးများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးခြင်း၊ မတရားနှိပ်စက်ညှဉ်းပန်းမှုများကို မှတ်တမ်းတင်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းများကိုလုပ်ဆောင်လျက်ရှိသော်လည်း အသိအမှတ်ပြုမှု သို့မဟုတ် ပံ့ပိုးမှုအနည်းငယ်သာ ရရှိကြသည်။ နိုင်ငံတကာ အသိုင်းအဝိုင်း၏ အရေးယူရန်ပျက်ကွက်မှုသည်လည်း အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအစီအစဉ်၏ ယုံကြည်စိတ်ချရမှုကို ခြိမ်းခြောက်လျက်ရှိနေပါသည်။

**ထို့ကြောင့် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ အောက်ပါတို့ကို အရေးပေါ်တောင်းဆိုအပ်ပါသည်။**

## ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီသို့တောင်းဆိုချက်

- အကြမ်းဖက်စစ်တပ်အပေါ် ပစ်မှတ်ထားသော ပိတ်ဆို့အရေးယူမှုများ ချမှတ်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့မှုများ ချမှတ်ရန်။
- မြန်မာနိုင်ငံမှ စစ်ရာဇဝတ်မှုကျူးလွန်သူများအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းပေးရန်။
- ကုလသမဂ္ဂ၊ လုံခြုံရေးကောင်စီ (UNSC) အစည်းအဝေးများအတွင်း အရပ်ဘက်အဖွဲ့အစည်းများ၏ တင်ပြမှုများကို သေချာစေရန် နှင့် လုပ်ပိုင်ခွင့်အားလုံးတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ပေါင်းစည်းမှု အားကောင်းစေရန်။
- ကူညီထောက်ပံ့မှုများ ပြုလုပ်ရာတွင် အကြပ်အတည်းကို တုံ့ပြန်ရုံသာမက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ကြိုးပမ်းမှုများကို ပံ့ပိုးကူညီရန်။

## အာဆီယံ နှင့် အိမ်နီးချင်းနိုင်ငံများသို့ တောင်းဆိုချက်

- မြန်မာနိုင်ငံမှ ဒုက္ခသည်များကို အသိအမှတ်ပြုပြီး ဘေးကင်းလုံခြုံ၍ မိမိဆန္ဒအလျောက် နေရပ်ပြန်မှုများဖြစ်အောင် လုပ်ဆောင်ပေးရန်။
- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို အကြမ်းဖက်အာဏာသိမ်း စစ်တပ်မှတဆင့် ကူညီပေးခြင်း မဟုတ်ဘဲ လွတ်လပ်စွာကူညီထောက်ပံ့ရန်။
- အကြမ်းဖက်အာဏာသိမ်းစစ်တပ်နှင့် တရားဝင်မိတ်ဖက်မှု မပြုလုပ်ဘဲ ပြည်တွင်းဒေသဆိုင်ရာ နှင့် တိုင်းရင်းသားအဖွဲ့အစည်းများအား တရားဝင်မိတ်ဖက်မှုပြုလုပ်ရန်။

## နိုင်ငံတကာအသိုင်းအဝိုင်းသို့တောင်းဆိုချက်

- စစ်အာဏာသိမ်းမှုကို ရှုတ်ချပြီး စစ်အာဏာရှင်၏ တရားမဝင်အာဏာတည်မြဲရေး လုပ်ဆောင်မှုများကို အသိအမှတ်မပြုဘဲ ငြင်းဆိုရန်။
- ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် ကြိုးပမ်းနေမှုနှင့် ပြည်သူ့ကိုယ်စားပြုကိုယ်စားလှယ်များအား ထောက်ပံ့ကူညီပံ့ပိုးပေးရန်။
- နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) မှ လူသားဖြစ်မှုကိုဆန့်ကျင်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့သည့် အာဏာရှင်စစ်တပ်ခေါင်းဆောင်များကို စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်း ပြု လုပ်ရေးအတွက် တွန်းအားပေးလုပ်ဆောင်ရန်။
- ဆုံးဖြတ်ချက်ချသည့် ဖြစ်စဉ်တိုင်းတွင် အမျိုးသမီးအခွင့်အရေးအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်မှုကို သေချာစေရေး ဆောင်ရွက်ပေးရန်။

## အလှူရှင်များအား တောင်းဆိုချက်

- အမျိုးသမီးများ ဦးဆောင်သောအဖွဲ့အစည်းများနှင့် တိုင်းရင်းသား အရပ်ဘက်လူမှုအဖွဲ့အစည်းများကို ရန်ပုံငွေ တိုက်ရိုက်ထောက်ပံ့ခြင်းနှင့် စီမံလုပ်ကိုင်ခွင့်ပေးရန်။
- ရှင်သန်လွတ်မြောက်သူများအား ဗဟိုပြုသည့် တရားမျှတမှု၊ ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရန်။
- ကူညီထောက်ပံ့မှုများသည် ဂျဲန်ဒါတုံ့ပြန်မှုနှင့် ဒေသလိုအပ်မှုအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ပြီး ဗျူရိုကရေစီနှင့် အထက်မှ စီမံဆုံးဖြတ်သည့်ပုံစံများ လျှော့ချသည့် ကူညီမှုဖြစ်စေရန်။
- မူဝါဒများသည် ဒေသဆိုင်ရာဖြစ်ရပ်မှန်များနှင့် ဘာသာစကားများကို ထင်ဟပ်ကြောင်း သေချာ စေရန်။
- ဒေသခံအမျိုးသမီးအခွင့်အရေးကာကွယ်သူများအား ပံ့ပိုးကူညီပေးခြင်း - CSO များနှင့် အမျိုးသမီးအဖွဲ့ များအနေနှင့် အန္တရာယ်ကျရောက်နိုင်သော အမျိုးသမီးများနှင့် ငြိမ်းချမ်းစွာဆန္ဒပြသူများအတွက် ဘေးကင်းခိုလှုံရာအိမ်များနှင့် နားခိုရာနေရာများ ဖွင့်လှစ်နိုင်ရန်နှင့် ထောက်ပံ့ပို့ဆောင်ရေး အကူ အညီများ ပံ့ပိုးပေးရန်။

မြန်မာနိုင်ငံမှ အမျိုးသမီးများသည် UNSCR 1325 စိတ်ဓာတ်ကို သတ္တိရှိရှိ စွဲမြဲစွာ ရပ်တည်ခဲ့သည်မှာ (၂၅) နှစ်တိုင်ကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ ယခုအချိန်သည် နိုင်ငံတကာအသိုက်အဝန်းအနေနှင့် တရားမျှတမှု၊ တာဝန်ခံမှု၊ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးပေါ်ထွန်းမှုတို့အတွက် ပြတ်ပြတ်သားသား ရပ်တည်ချိတက်ရန် အချိန်တန်ပြီ ဖြစ်ကြောင်း တောင်းဆိုတိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်**

အီးမေးလ် secretariat@womenofburma.org
info@womenofburma.org